# ဘုန်းဘုရား ဖုံးကြားမှာ ပျော်နေပြီလား

မကြာမီက ရင်းနှီးကျွမ်းဝင်ခဲ့ဘူးတဲ့ ဒကာတစ်ဦးဆီကစာကို မမျှော်လင့်ဘဲဖတ်ရပါတယ်။ ဒီဒကာက စာရေးသူမြန်မာပြည်မှာရှိနေစဉ်ကဆိုရင် စာရေးသူဘယ်ကိုပဲရောက်နေနေ စာရေးသူရောက်ရှိနေထိုင်တဲ့အရပ်ဆီကို သုံးလေးလမှာတစ်ခါလောက်တော့ စာအမြဲရေးလေ့ရှိပါတယ်။ သို့ပေမယ့် စာရေးသူအမေရိကကိုရောက်နေတဲ့ လေးနှစ်ကျော်ကာလအတွင်း စာရေးသူက စာသုံးစောင်လောက် သူ့ဆီကိုရေးခဲ့ပေမယ့် သူ့ဆီကပြန်စာကိုတော့လုံးဝမဖတ်ခဲ့ရပါဘူး။ ခုတစ်ခါမှာတော့ လုံးဝမမျှော်လင့်ပါဘဲ သူ့စာကိုဖတ်ရပါတယ်။ ဒီဒကာက စာရေးသူနဲ့ စာသင်တိုက်တစ်တိုက်မှာ နှစ်နှစ်နီးပါးကြာ တွေ့ဆုံနေထိုင်ခဲ့ဘူးပါတယ်၊ အဲဒီအချိန်က သူကမြို့ကိုလာပြီး ဒုတိယနဲ့တတိယအကြိမ်ဆယ်တန်းစာမေးပွဲဖြေဆိုဖို့ ကျူရှင်ကျောင်းတက်နေတဲ့သူပါ။ တစ်ဖက်မှာလဲ သူ့ဝမ်းစာအတွက် အားလပ်ချိန်များမှာ ဆိုက်ကားနင်းရင်းပေါ့။ တစ်ချို့အတွေးအခေါ်အယူအဆများမှာ စာရေးသူနဲ့တော်တော်တူတာကြောင့် စာရေးသူတို့အချင်းချင်း တော်တော်ရင်းနှီးကျွမ်းခဲ့ကြပါတယ်။ ဒီဒကာက တစ်မူထူးခြားလှစွာ ပင်ကိုယ်ကိုက ဟာသဉာဏ်ရွှင်တဲ့သူတစ်ဦးပါ။ဒါကြောင့်တစ်ချို့ရဟန်းငယ်များက ပျင်းပျင်းရှိရင် သူ့ကိုဝိုင်းစပြီး သူ့ဆီကဟာသစကားတစ်ခုခုကို ကြားရဖို့လုပ်တတ်လေ့ရှိတတ်ပါတယ်။ သူပြောတဲ့စကားတိုင်းမှာ ဟာသလွတ်တဲ့စကားဆိုတာ မရှိသလောက်ပါပဲ။

စကားပြောရာမှာသာ ဟာသနှောလေ့ရှိတာမဟုတ်ဘဲ စာရေးရာမှာလဲ ဟာသဉာဏ်ရွှင်လှပါတယ်။ သူ့စာကိုဖတ်ရတိုင်း အနည်းဆုံးပြုံးစရာတစ်ခုကိုတော့ တွေ့ရစမြဲပါ။ ခုတစ်ခါစာရေးသူဆီကိုရေးတဲ့ စာထဲမှာတော့ ခေါင်းစီးမှာ “ဘုန်းဘုရား ဖုံးကြားမှာပျော်နေပြီလား” လို့ အစချီနိဒါန်းပျိုးထားပါတယ်။ နောက်ပြီးသူ့စာထဲမှာ အရှင်ဘုရားတို့သီတင်းသုံးနေထိုင်ရာ အမေရိကန်နိုင်ငံကြီးက ကမ္ဘာ့မဟာ အင်အားကြီးနိုင်ငံကြီးမဟုတ်လား၊ ဒီတော့ ကမ္ဘာပေါ်က မလိမ်မာမိုက်မဲတဲ့သူတွေကို လိမ္မာယဉ်ကျေးအောင်ဆုံးမပေးဖို့ အင်အားပြင်းထန်တဲ့ဖုံးကြီး ဒုံးကြီးတွေကိုထုတ်လုပ်နေရတာဆိုတော့ အရှင်ဘုရားများလဲ အဲဒီဖုံးကြီးတွေကြားမှာ သွားရောက်နေထိုင်နေရသလိုဖြစ်လို့မို့ ခုလိုလျှောက်ထား မေးမြန်းရတာပါလို့ဆက်ရေးထားပါတယ်။ နောက်ပြီးတပည့်တော်က မြန်မာစာမကျွမ်းကျင်တော့ မြန်မာစာလုံးပေါင်းသတ်ပုံတော့မှားကောင်း မှားမပေ့ါဘုရားတဲ့။ ဥပမာ ဗ နဲ့ ဘ၊ သေးသေးတင် ဝစွပေါက်နဲ့ ဉ လေးသတ်လိုမျိုးပေ့ါတဲ့။ စာရေးသူက သူ့အကြောင်းကိုသိထားလို့မို့ “ဖုံးကြားမှာ” ဆိုတဲ့သူ့စာကို စာလုံးထက်အသံကို ပိုပြီးနားထောင်မိပြီးနားလည်မိပါတယ်။ အဲနောက်ဆက်တွဲ သူရှင်းပြခဲ့တာကိုဖတ်ရတော့ စာရေးသူရဲ့နားလည်ခဲ့မှုဟာ မှန်ကန်ကြောင်းပိုပြီးသေချာသွားပါတယ်။ တကယ်တော့ သူပြောလိုတာက ဖုံးကြီးတွေမဟုတ်ပါဘူး၊ ဘုဉ်းကြီးတယ်လို့ပြောဆိုသုံးစွဲလေ့ရှိတဲ့ ဘုဉ်းကိုဆိုလိုတာပါ။ ဒါကြောင့် “ဘုဉ်းကြားမှာပျော်နေပြီလား”လို့ ရေးခဲ့တာပါ။ ဒီတော့မှ အော်ငါတော့ ဝင့်လည်ပြီထင်ရဲ့လို့တွေးမိပါတယ်။ ဒီစကားမျိုးကို တစ်ခါကစာရေးသူကိုယ်တိုင် ထင်ရှားကြော်ကြားလှတဲ့ဆရာတော်ကြီးတစ်ပါးကို အမြင်ကပ်ကပ်ရှိတာနဲ့ လျှောက်ထားခဲ့ဘူးပါတယ်။ အမြင်ကပ်ကပ် လို့ဒီနေရာမှာအထူးပြုရေးရတာက အဲဒီအချိန်က စာရေးသူစိတ်ထဲမှာ တကယ်ကိုအမြင်

ကပ်စိတ် ဖြစ်ခဲ့တာကြောင့်ပါ။ ခုပြန်တွေးမိချိန်မှာတော့ အော် လူကြီးကိုဒီလိုပြောခဲ့မိပါလားလို့ စိတ်မကောင်း ဖြစ်မိသလိုခံစားမိရပါတယ်။ အဲနောင်တတော့ ခုထိမရမိတာအမှန်ပါ။

စာရေးသူရဟန်းဖြစ်စက နယ်တစ်နယ်ကိုရောက်သွားပါတယ်။ စာရေးသူရောက်ရှိနေခိုက်မှာပဲ အဲဒီနယ်ကရွာတစ်ရွာမှာ သိမ်သမုတ်ပွဲတစ်ခုနဲ့ကြုံဆုံခဲ့ရပါတယ်။ သိမ်သမုတ်ပွဲဆိုတာက သံဃာလောကမှာတော့ ကယိကထများတဲ့ပွဲတစ်ခုဆို မှားမယ်မဟုတ်ပါဘူး။ ခက်ခက်ခဲခဲလုပ်ရသလို နည်းစနစ်ကျနစေဖို့ စနစ်တကျလဲစီမံရတဲ့ကံမျိုးပါ။ ဒီတော့အဲဒီလိုကံမျိုးနဲ့ကြုံလာရင် အတွေ့အကြုံရှိတဲ့ ဆရာတော်ကြီးတစ်ပါးပါးကို ဦးစီးခေါင်းဆောင်အဖြစ်ထားပြီး သူ့အစီအမံအတိုင်း နောက်လိုက်သံဃာများက သိမ်နုတ်သိမ်သမုတ်ကံကို ဆောင်ရွက်ကြလေ့ရှိပါတယ်။ ခုလိုကံမျိုနဲ့ကြုံဆုံလာရင် သံဃာတော်များအနေနှင့် တခြားကိစ္စတွေကိုဘေးဖယ်ထားပြီး လေးလေးစားစားနဲ့ ပါဝင်ဆောင်ရွက်လေ့ရှိ တတ်ကြပါတယ် ။ ကုန်ကုန်ပြောရရင် တစ်ရပ်တစ်ရွာထဲမှာ ကျောင်းနှစ်ကျောင်းသုံးကျောင်းစသည်ရှိလို့ တစ်ကျောင်းနဲ့တစ်ကျောင်း သဟဇာတမဖြစ်သည့်တိုင်အောင် ယခုလိုသိမ်သမုတ်ကံမျိုနှင့်ကြုံလာပါရင် မပျက်မကွက်ပင့်ဖိတ်တတ်ကြသလို အပင့်ဖိတ်ခံဘက်ကလဲ ဆက်ဆက်တက်ရောက်တတ်ကြလေ့ရှိတာပါ။ အထက်ကပြောခဲ့တဲ့ စာရေးသူ ခရီးသွားရင်းကြုံခဲ့ရတဲ့ သိမ်သမုတ်ပွဲမှာတော့ ဒီပွဲကိုဦးစီးခေါင်းဆောင်ပြုလုပ်မည့်ဆရာတော်ဘုရားကြီးက အချိန်မီ ကြွရောက်မလာနိုင်ခဲ့ပါဘူး။ အကြောင်းကတော့ ရာထူးကြီးကြီးမားမားစစ်ဗိုလ်ချုပ်ကြီးတစ်ဦးနဲ့နောက်ပါတစ်စု နယ်ဖက်ကို တိုင်းခန်းလှည့်လည်ရင်း ဆရာတော်ကျောင်းကိုအဖူးအမြော်ရောက်ဖို့ရှိတာကြောင့် အဖူးအမြော်ခံရန်စောင့်ဆိုင်းရမည့်တာဝန်ရှိလို့ပါတဲ့။ ဆရာတော်ကြီးကိုယ်တိုင်ကလဲ သံဃာ့အဖွဲ့အစည်းအနေအရပြောရရင် ရာထူးကြီးကြီးထဲကပါပဲ။ တကယ်တော့ ဒီသိမ်သမုတ်ရမည့်ရက်ကို အဲဒီဆရာတော်ဘုရားကြီးပဲ ပေးခဲ့တာပါ။ ဒီတော့လဲ ဆရာတော်ဘုရားအချိန်မီ မကြွရောက်နိုင်ပေတာကြောင့် အခြားဆရာတော်တစ်ပါးကပဲ ဦးစီးဦးရွက်ပြုကာ သိမ်သမုတ်ကံကိုစီမံခဲ့ရပါတယ်။ အနည်းငယ်တော့ ကသီလင်တ ဖြစ်ကြရတယ်ပေါ့။

သိမ်သမုတ်ပွဲအပြီးမှာတော့ သိမ်အောင်ပွဲအဖြစ်ရဟန်းခံပွဲများ၊ပဋ္ဌာန်းရွတ်ဆိုပူဇော်ပွဲများကိုလဲ ခုနစ်ရက်တိုင်တိုင်ကျင်းပခဲ့ကြပါတယ်။ ပဋ္ဌာန်းသိမ်းပွဲအကြိုညမှာတော့ ဆရာတော်ဘုရားက သူ့မူလဘွဲ့တော်ရယ်၊ အစိုးရကဆက်ကပ်ထားတဲ့ ဘွဲ့တံဆိပ်တော်ကြီးရယ်၊ ရာထူးအမည်နာမရယ်ကို စာလုံးအကြီးစားကြီးများနဲ့ရေးထားတဲ့ ကိုယ်ပိုင်ကားကြီးနဲ့ ကြွရောက်လာပါတယ်။ ညပိုင်းမှာဆရာတော်ကြီးများ အလာပသလာပပြောကြရင်း ဆရာတော်ကြီးတစ်ပါးက စစ်အတွင်းစာသင်သားဘဝအတွေ့အကြုံတွေကိုပြောပြပါတယ်။ စစ်အတွင်းမှာ ပြေးရလွှားရရှောင်ရတိမ်းရပုံတွေ၊ အခက်အခဲတွေပြောပြအပြီးမှာတော့ အခက်အခဲအမျိုးမျိုးနဲ့တွေ့ရပေမယ့် အရွယ်ကငယ်သေးတော့ ကြောက်လန့်ရမှန်းမသိပုံ၊ ဗုံးကြဲမည့်လေယဉ်သံကြားရရင်ကိုပဲ အထူးအဆန်းတခုအဖြစ်ထွက်ပြေးပြီး ကြည့်ခဲ့ပုံစတာတွေကို ပြောပြခဲ့ပါတယ်။ ဆရာတော်ကြီးပြောတာက သရုပ်ပါလွန်းလို့ သံဃာငယ်များက အထူးသဘောကျကျပတယ်။ ဒီတော့စာရေးသူက အော် “ဘုန်းဘုရားက ဗုံးကြားမှာအနေပျော်ခဲ့တာကိုးဘုရား”လို့ ကျေနပ်သဘောကျစိတ်နဲ့လျှောက်ထားခဲ့ပါတယ်။ အဲ ဗိုလ်ချုပ်ကြီးကိုစောင့်ရတာကြောင့်သိမ်သမုတ်ပွဲအချိန်မီ မကြွရောက်နိုင်တဲ့ဆရာတော်ဘုရားကလဲ သူ့ရဲ့လက်ရှိအတွေ့အကြုံတွေကို ပြောပြပါတယ်။ ရန်ကုန်မှာလေးလသီတင်းသုံးရခိုက် ဘယ်ဝန်ကြီးများအိမ်ကို

ကြွရောက်ရပုံ၊ ဘယ်အရပ်မှာဖြင့်ဘယ်ပုဂ္ဂိုလ်ကြီး ကြီးမှူးတဲ့ဘုရား ထီးတင်ပွဲရှိလို့ မအားတဲ့ကြားက ကြွရောက်ချီးမြှင့်ရပုံ၊ ဘယ်ကတော်ကြီးကဖြင့် ဘယ်လိုလျှောက်ထားပုံ စတဲ့လက်ရှိသူ့အတွေ့အကြုံတွေကို အားပါးတရမိန့်တော်မူပါတယ်။ နောက်ပြီးဆရာတော်ဘုရားကိုယ်တိုင်ကလဲ အဲဒီအနေအထားကို ကျေနပ်သဘောကျဟန်ရှိတဲ့ အမူအယာကိုထင်ထင်ရှားရှားတွေ့ရပါတယ်။ အနားမှာရှိနေတဲ့ သံဃာငယ်များရဲ့မျက်နှာမှာတော့ အလိုမကျဟန်ကို အထင်းသားမြင်နိုင်ခဲ့ပါတယ်။ ဆရာတော်ဘုရားကြီးမိန့်ကြား အပြီးမှာတော့ စာရေးသူက "အော်ဘုန်းဘုရားလဲ ဘုဉ်းကြားမှာ အနေပျော်သကိုးဘုရား"လို့ စိတ်ချဉ်ချဉ်နဲ့ လျှောက်ထားခဲ့ပါတယ်။

စာရေးသူခုလိုလျှောက်ထားခဲ့တာကို ဆရာတော်ကြီးကိုယ်တိုင်ကတော့ သဘောပေါက်ဟန်မတူပါဘူး၊ ဘေးမှာရှိနေတဲ့ အချို့သံဃာများကတော့ စာရေးသူရဲ့ အငေါ်တူးမှုကို သဘောပေါက်ဟန်ရှိပါတယ်။ အချို့ပြုံးစိစိမျက်နှာများနဲ့၊ တချို့ကြ ကောင်းတယ်ကောင်းတယ်ရယ်လို့ ကောင်းချီးပေးဟန်နဲ့ မသိမသာခေါင်းညိတ်ပြခဲ့ကြပါတယ်။

ခုလဲရင်းနှီးတဲ့ဒကာက စာရေးသူနေထိုင်ရတဲ့အနေအထားကို ဘယ်လိုခန့်မှန်းသဘောပေါက်ပြီး ရေးတယ်တော့ မသိပါဘူး။ ပြည်ပမှာရောက်ရှိနေထိုင်နေတဲ့ ရဟန်းတော်များအားလုံး ဘုဉ်းကံကြီးမားလေမယ်လို့ ယေဘုယျတွက်ဆတာကြောင့်လား၊ ဒါမှမဟုတ်လဲ မြန်မာပြည်ကနေပြည်ပကို ကြွရောက်ကြတဲ့ဆရာတော်ကြီးအချို့ ပြည်ပကပြန်ရောက်တဲ့အခါများမှာ ပါလာတတ်တဲ့ နဝကမ္မစတဲ့လှူဒါန်းမှုအစုစုရဲ့ ပမာဏကို ကြားသိမြင်ယောင်မိလို့လား၊ ဒါမှမဟုတ်ပါလျှင်လဲ ပြည်ပနေဘုဉ်းကံကြီးမားတဲ့ ဆရာတော်များ ပြန်တွင်းကိုပြန်ကြွပြီး ဘုရားကြီးတွေတည်၊ ကျောင်းကြီးတွေတည်ဆောက်ကြတာကို တွေ့မြင်မိပြီး ပြည်ပနေရဟန်းတိုင်း ယခုကဲ့သို့စွမ်းနိုင်ပါပဲရယ်လို့ အထင်ရှိပေသမို့များလား၊ ဘာကြောင့်လား ညာကြောင့်လားတော့ စာရေးသူမသိပါဘူး။

ဒကာကတော့ "ဘုန်းဘုရားပုံးကြားမှာ ပျော်နေပြီလား"လို့မေးလာခဲ့ပါပြီ။ အင်း ကိုယ့်ဒကာ အမှန်အတိုင်းသိနားလည်အောင် ဘယ်လိုများဖြေရပ့ါ။

အရှင်ဉာဏိက